**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

စာအမှတ်၊ DMA/ SSE / NM / ၁၀ / ၂၀၂၄
ရက်စွဲ၊ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁၂ ရက်

အကြောင်းအရာ။ **ရေကြောင်းသတိပေးချက်ထုတ်ပြန်ခြင်းကိစ္စ**

ရည်ညွှန်းချက်။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ၁၂-၄-၂၀၂၄ ရက်စွဲပါ စာအမှတ်၊ ပဆ-၂/လက(DCA)Spaceflight(၄/၅၅)

၁။ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မြို့ပြလေကြောင်း စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းမှ ၅-၄-၂၀၂၄ ရက်နေ့ (၀၈:၃၃) နာရီအချိန်တွင် Aerospace Flight လှုပ်ရှားမှုကိစ္စနှင့် ပတ်သက်၍ ကြိုတင်သတိပေးချက်(ကြေးနန်းစာ) ပေးပို့အကြောင်းကြားလာပါသည်။

၂။ အဆိုပါ ကြိုတင်သတိပေးချက်တွင် အာကာသယာဉ်၏လှုပ်ရှားမှု (Aerospace Flight Activities) သည် ၇-၅-၂၀၂၄ ရက်နေ့မှ ၉-၅-၂၀၂၄ ရက်နေ့အတွင်း နံနက် (၀၅:၃၀) နာရီ အချိန်မှ (၁၁:၃၀) နာရီအချိန်အတွင်းတွင် ဖြစ်နိုင်ခြေရှိကြောင်း၊ Aerospace Flight အစိတ်အပိုင်းများသည် ဘင်္ဂလားပင်လယ်အော်အတွင်းရှိ မြန်မာ့ရေပိုင်နက်သို့ ကျရောက်နိုင်ကြောင်းနှင့် မြေပြင်မှ အမြင့်ပေအကန့်အသတ်မရှိ သက်ရောက်နိုင်ကြောင်း၊ ခန့်မှန်းကျရောက်နိုင်သည့် ဧရိယာကို အောက်ဖော်ပြပါအတိုင်း အသိပေးအကြောင်းကြားလာပါသည်-

| **Point** | **Latitude** | **Longitude** |
|---|---|---|
| A | 16° 36' 00" N | 093° 50' 00" E |
| B | 16° 42' 00" N | 093° 23' 00" E |
| C | 17° 35' 00" N | 093° 34' 00" E |
| D | 17° 29' 00" N | 094° 02' 00" E |

၃။ အဆိုပါခန့်မှန်းအချိန်ကာလအတွင်း ခန့်မှန်းကျရောက်မည့်ဧရိယာမှာ မာန်အောင်လေဆိပ်၏ တောင်ဘက် ရေမိုင် (၇၆) မိုင်ခန့်၊ သံတွဲလေဆိပ်၏ အနောက်တောင်ဘက် ရေမိုင် (၆၀) မိုင်ခန့်နှင့် ပုသိမ်လေဆိပ်၏ အနောက်မြောက်ဘက် ရေမိုင် (၅၀)မိုင်ခန့်အကွာ ဘင်္ဂလား ပင်လယ်အော်အတွင်းတွင် ကျရောက်နေကြောင်း စိစစ်တွေ့ရှိရပါသည်။ ကျရောက်နိုင်သည့် ဧရိယာမြေပုံအား **နောက်ဆက်တွဲ** ဖြင့် ဖော်ပြအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ၇-၅-၂၀၂၄ ရက်နေ့မှ ၉-၅-၂၀၂၄ ရက်နေ့အတွင်း နံနက် (၀၅:၃၀) နာရီ အချိန်မှ (၁၁:၃၀) နာရီအချိန်အတွင်းတွင် အထက်ဖော်ပြပါ တည်နေရာများအတွင်း၌ Aerospace Flight အစိတ်အပိုင်းများ ကျရောက်နိုင်ပါသဖြင့် သင်္ဘောကြီး/ငယ်များ၊ ကုန်တင် စက်လှေများ၊ ကမ်းရိုးတန်းသွားရေယာဉ်များ၊ ငါးဖမ်းသင်္ဘောများ၊ အပျော်စီးခရီးသွားရေယာဉ်

များနှင့် စက်တပ်သမ္ဗန်များ ၎င်းဧရိယာအတွင်း ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်းနှင့် ငါးဖမ်းကိရိယာများချထားခြင်း မပြုကြပါရန်နှင့် အဆိုပါဧရိယာအနီးမှ လွတ်ကင်းစွာသတိပြုမောင်းနှင်သွားကြပါရန် ရေကြောင်းသတိပေးချက် (Notice to Mariners) ထုတ်ပြန်ကြေညာအပ်ပါသည်။

ခေတ္တညွှန်ကြားရေးမှူးချုပ်(ကိုယ်စား)
မိုးကျော်-ညွှန်ကြားရေးမှူး(SSE)

နောက်ဆက်တွဲ

## 2300 – 0500 UTC (from 2024 May 7 to 9 )

